# ငြိမ်းချမ်းရေး တည်ဆောက်ရန်အတွက် ပဏာမ သဘောတူညီချက်

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်အရ နိုင်ငံတော်အစိုးရသို့ ကမ်းလှမ်းလာသော **RCSS/SSA** နှင့် ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ဖွဲ့စည်းပေးသော ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် **RCSS/SSA** မှ ဖွဲ့စည်းထားသော ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် အောက်ဖော်ပြပါ ကိစ္စရပ်များကို ပဏာမ ဆောင်ရွက်ရန် သဘောတူညီကြသည်-

(က) တပ်မတော်နှင်**RCSS/SSA** တို့အကြား နှစ်ဦးနှစ်ဘက် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်ဆိုင်းထားမည်။ ပစ်ခတ်တိုက်ခိုက်မှုရပ်ဆိုင်းထားကြောင်း ပြည်ထောင်စုအစိုးရက တပ်မတော်သို့ ညွှန်ကြားချက်နှင့် **RCSS/SSA** မှ ၎င်းတို့တပ်ဖွဲ့သို့ ညွှန်ကြားချက်တို့အား အပြန်အလှန်ပေးပို့သွားမည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး အတွက် **RCSS/SSA** ၏ ၂၀၁၁ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် တင်ပြတောင်းဆိုသည့် အပစ်အခတ် ရပ်စဲရန်၊ နိုင်ငံရေးဆွေးနွေးရန်၊ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အတွက် အထူးဒေသ သတ်မှတ်ထားရှိရန်နှင့် လက်တွဲပူးပေါင်း၍ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းတို့လုပ်ရန် မူအားဖြင့် သဘောတူသည်။

(ဂ) နှစ်ဦးနှစ်ဘက် သဘောတူညီမှု ညှိနှိုင်းရရှိထားသော သတ်မှတ်နေရာများတွင် နေထိုင်ရန် သဘောတူပါသည်။

(ဃ) နှစ်ဦးနှစ်ဘက် သဘောတူညီထားသော သတ်မှတ်နယ်မြေများမှအပ နယ်မြေ ကျော်လွန် လက်နက်ကိုင်ဆောင် သွားလာမှုများကို နှစ်ဦးနှစ်ဘက်ကြိုတင်ညှိနှိုင်းပြီး ဆောင်ရွက်မည်။ နယ်မြေသတ်မှတ်မှုအား ပြည်ထောင်စုအဆင့် ဆွေးနွေးသည့်အခါ ဆက်လက်ညှိနှိုင်းဆွေးနွေးသွားမည်။

(င) နှစ်ဦးနှစ်ဘက် အပြန်အလှန် ပြောဆို၊ ဆက်ဆံ၊ ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်အတွက် နှစ်ဘက်သဘောတူညီသော တောင်ကြီး၊ ကျိုင်းတုံ၊ ခိုလန်၊ တာချီလိတ်နှင့် မိုင်းတုံ (၅)နေရာတို့တွင် နှစ်ဘက်သဘောတူညီကြသော ပုဂ္ဂိုလ်များဖြင့် လက်နက်ကိုင်

ဆောင် ခြင်းမရှိဘဲ ဆက်ဆံရေးစခန်းများ ထားရှိဆောင်ရွက်မည်။ ဆက်ဆံရေးရုံးများ တိုးချဲ့ ဖွင့်လှစ်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးစဉ် ဆက်လက် ညှိနှိုင်းသွားမည်။

(စ) မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြရန် သဘောတူပါသည်။

(ဆ) ပြည်ထောင်စုအစိုးရက ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဆွေးနွေးရန်အတွက် **RCSS/SSA** မှ ကိုယ်စားလှယ်အဖွဲ့အား တရားဝင်ဖွဲ့စည်းပေးရန်နှင့် ဆွေးနွေးမည့် နေ့ရက်၊ အချိန်နှင့် နေရာတို့ကို ညှိနှိုင်းရန် သဘောတူကြသည်။

(ဇ) ကျန်ရှိသော ကိစ္စရပ်များကို ဆက်လက်ဆွေးနွေးရန် သဘောတူပါသည်။

၂။ အထက်ဖော်ပြပါ အချက်များကို သဘောတူညီကြပါသဖြင့် အောက်တွင် လက်မှတ်ရေးထိုးကြပါသည် -

**ရှမ်းပြည်နယ်**
**ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့**

၁။ ဗိုလ်မှူးကြီး အောင်သူ
ဝန်ကြီး
လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
ရှမ်းပြည်နယ်အစိုးရအဖွဲ့

၂။ ဦးမောင်မောင်
ပြည်နယ်ဥပဒေချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

**RCSS/SSA**
**ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့**

၁။ ဦးစိုင်းလူး
ဗိုလ်မှူးချုပ်
သျှမ်းပြည်တပ်မတော်

၂။ ဦးစိုင်းလှ
ဗိုလ်မှူးကြီး
သျှမ်းပြည်တပ်မတော်

၃။ ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းမြင့်
စစ်ဦးစီးမှူး(ပထမတန်း)
တြိဂံဒေသတိုင်းစစ်ဌာနချုပ်

၃။ ဦးအောင်မောင်း
ဗိုလ်မှူးကြီး
သျှမ်းပြည်တပ်မတော်

၄။ ဦးညီညီလွင်
ဒုတိယညွှန်ကြားရေးမှူး
ရှမ်းပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး

၄။ ဦးစိုင်းငင်း
ဒုတိယဗိုလ်မှူးကြီး
သျှမ်းပြည်တပ်မတော်

၅။ ဦးခင်မောင်သန်း
အတွင်းရေးမှူး
ရှမ်းပြည်နယ်အစိုးရအဖွဲ့

၅။ ဦးစိုင်းဟန်
ဒုတိယဗိုလ်မှူးကြီး
သျှမ်းပြည်တပ်မတော်

## အသိသက်သေ

ဦးအောင်မင်း
အဖွဲ့ခေါင်းဆောင်-ပြည်ထောင်စုအဆင့်
ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့
ပြည်ထောင်စုဝန်ကြီး
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

ဦးခင်မောင်စိုး
အဖွဲ့ဝင်-ပြည်ထောင်စုအဆင့်
ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့
ပြည်ထောင်စုဝန်ကြီး
အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန